ဇွန် (၁၁)

## သခင်ယေရှုအားဦးဆောင်ခွင့်ပေးပါ။

**သခင်**ဘုရားအတွက် အောင်မြင်မှုရှိရန် မိမိတို့သည်သူနှင့် နီးကပ်စွာအသက်ရှင်ပြီး မိမိတို့အနေနှင့် သူ၏အလိုတော်ရှိကြောင်း သေခြာအောင်ပြုရမည်။ ထိုအခြင်းအရာအတွက် သေခြာပြီးရိုးရှင်းသည့် ပုံသေနည်းရှိသည်။ "ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ကိုးစားလော့။ ကိုယ်ဉာဏ်ကိုအမှီမပြုနှင့်။ သွားလေရာရာ၌ ထာဝရဘုရားကို မျက်မှောက်ပြုလော့။ သို့ပြုလျှင် သင်၏လမ်းခရီးတို့ကို ပဲ့ပြင်တော်မူလိမ့်မည်။" (သုတ္တံကျမ်း ၃း ၅–၆)

အမြင်အရကောင်းမွန်ပြီး ကျိုးကြောင်းဆီလျော်သော အရာများကိုပင်လျှင် ယင်းတို့သည် သခင်ဘုရားက လိုချင်သောအရာများဖြစ်ကြောင်း မိမိတို့မသေမချင်း ယင်းတို့ကို မလုပ်ဆောင်နိုင်။ မိမိတို့၏ ဉာဏ်အမြော်အမြင်အပေါ်၌သာ အမှီပြုပြီး ဘုရားရှင်ကို အသိအမှတ်မပြုလျှင် မိမိတို့သည် သူ့ဝိညာဉ်တော်၏ အသံတော်ကို နားထောင်နေခြင်းမရှိဘဲ အချိန်တိုင်းမိမိတို့အား လမ်းပြဦးဆောင်ခွင့်မပေးလျှင် မိမိတို့လမ်းပေါ်မှ အလွယ်တကူ သွေဖီသွားနိုင်သလို စာတန်၏ ထောင်ချောက်တစ်ခုခုတွင်းသို့လည်း ကျသွားလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကိုအရာအားလုံးမှ မကာကွယ်နိုင်သော်လည်း သခင်ယေရှုနှင့်နီးကပ်စွာ နေထိုင်ခြင်းအားဖြင့် သူ၏ကောင်းချီးမင်္ဂလာနှင့် ကာကွယ်မှုဆိုင်ရာ စက်ဝန်းအတွင်း အမြဲရှိနေနိုင်သည်။ "သင်သည် လကျ်ာဘက် လက်ဝဲဘက်သို့ လမ်းလွဲလျှင် ဤမည်သောလမ်းသည်မှန်၏။ ဤလမ်း၌သွားလော့ဟု သင့်နောက်၌ပြောသော စကားသံကို ကိုယ်နားနှင့်ကြားရလိမ့်မည်။" (ဟေရှာ ၃၀း၂၁)

(ဆုတောင်း) သခင်ယေရှု ကျွန်ုပ်တို့တောင်းခဲ့သမျှသော အကူအညီများအနက်က အကောင်းဆုံး အကူအညီကိုပေးသော လုပ်ဖော်ကိုင်ဘက်နှင့် အဖော်တစ်ဦးအနေဖြင့် အစဉ်ရှိနေခဲ့သောကြောင့် ကိုယ်တော်အားကျေးဇူးတင်ပါသည်။ ကိုယ်တော်၏ အသံတော်ကိုကြားလွယ်ပြီး ယင်းနောက်သို့လိုက်ရန် မိမိတို့ လုပ်ဆောင်ရမည့်အပိုင်းကို လုပ်ဆောင်ရန်မစတော်မူပါ။ ထိုအခါ မိမိတို့သည် ယုံကြည်ခြင်းပြည့်ဝစွာဖြင့် လုပ်ဆောင်နိုင်မည်ဖြစ်ပြီး ကိုယ်တော်သည်လည်း ကျွန်ုပ်တို့အား ကောင်းချီးမင်္ဂလာနှင့် ပြည့်ဝစေခါ အပြည့်အဝ အသုံးပြုနိုင်လိမ့်မည် ဖြစ်ပါသည်။ အာမင်။